

# မေတ္တာဘုံလေး ပျောက်ဆုံးသွားပြီ

အရှင်ဥာဏိက

မြန်မာပြည်က လူအများစုဟာ ဗုဒ္ဓအဆုံးအမတရားများနဲ့ ကြီးပြင်းခဲ့ကြတာပါ၊ အခြားအခြားသော ဘာသာတရားများကို ယုံကြည်ကြသူတွေရှိပေမယ့်လည်း မြန်မာ့လူနေမှုဖွဲ့စည်းပုံက ဗုဒ္ဓအဆုံးအမများအပေါ်မှာ အများကြီး အခြေခံထား၊ မှီတည်ထားတာမို့ မြန်မာပြည်သူအများစုရဲ့ လူနေမှုပုံစံဟာ ဗုဒ္ဓအဆုံးအမနဲ့ ကင်းကင်းလွတ်လွတ်ကင်းတယ်ဆိုတာ ရှားပါတယ်။ ဗုဒ္ဓအဆုံးအမတရားများရဲ့ အခြေခံတွေထဲမှာ ကံငါးပါးလို့ဆိုတဲ့ သတ်မှု၊ ခိုးမှု၊ သူတစ်ပါးအိမ်ထောင်နဲ့ မိသားစုဘဝကို ဖျက်လိုဖျက်ဆီးပြုမှု၊ မဟုတ်မမှန်တဲ့စကားများ၊သူများကောင်းကျိုးကို ပျက်စီးဆုတ်ယုတ်စေတတ်တဲ့စကားများကို ပြောဆိုမှု၊ မူးယစ်ဆေးဝါးနဲ့ သေအရက်ကို သုံးစွဲခြင်းကနေ ရှောင်ကြဉ်မှုဆိုတာတွေနဲ့ လူသား အချင်းချင်းအပေါ်၊ သတ္တဝါတွေအပေါ် စာနာထောက်ထား သနားညှာတာခြင်းဆိုတဲ့ မေတ္တာ ကရုဏာတရားတွေ ထွန်းကားအောင် သွန်သင်ထားတာပါ။ ဒါကြောင့်လည်း လူအချင်းချင်း စာနာထောက်ထားခြင်း၊ ကိုယ့်အတွက် ကိုယ့်အရေးထက် အများအတွက်ဆိုတာကိုသာ ဦးစားပေးစဉ်းစားတဲ့ ယဉ်ကျေးမှုအဖွဲ့အစည်း ပုံသဏ္ဍာန်ကိုလည်း မြန်မာ့လူ့အဖွဲ့အစည်းမှာ တွေ့ရမှာပါ။ ရှိသေထိုက်သူကို ရှိသေခြင်း၊ သနားရမည့်သူကို သနားညှာတာတတ်ခြင်းဆိုတာလည်း မြန်မာတွေရဲ့ အစဉ်အလာထဲက လှပတဲ့ ချစ်စရာလက္ခဏာတစ်ခုပါ၊ လူကြီးသူမများရဲ့အဆုံးအမကို နာခံတတ်တဲ့ လူမျိုး၊ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့လူမျိုး၊ သည်းခံမှုတရားတွေနဲ့ ပြည့်လျှံနေတဲ့လူမျိုး၊ ဆင်းရဲဒုက္ခကို ကြိတ်မှိတ်သည်းခံရင်း တစ်ခုခုနဲ့ ဖြေဆည်ရာကို ရှာတတ်တဲ့သူမျိုးလို့ ကိုယ့်ကိုယ်ကိုလည်း သတ်မှတ်ခံယူသလို မြန်မာများနဲ့ဆက်ဆံဖူးတဲ့ အခြားအခြားသော လူမျိုးများကလည်း မှတ်ချက်ပြုတတ်ကြတာပါ။

သို့ပေမယ့် ခုတော့ ဒီလူမျိုးတွေရဲ့ ရင်ထဲနှလုံးသားထဲမှာ အမုန်းတရားတွေ၊ နာကျည်းဒေါသတွေ၊ ကြိတ်မနိုင်ခဲမရ အာဃာတတရားတွေဟာ တိုးပွားလို့ လာခဲ့ပါပြီ။ ဖြူစင်တဲ့နှလုံးသားထဲကို နာကျည်းစိတ်တွေ၊ အမုန်းတရားတွေ ဝင်လာအောင်၊ အကြောက်တရားတွေ တိုးပွားလာအောင် သွတ်သွင်းပေးလိုက်သူများကတော့ မြန်မာနိုင်ငံကို လက်နက်အားကိုးနဲ့ မတရားဖိနှိပ်စိုးမိုး အုပ်ချုပ်နေတဲ့ အာဏာရှင် စစ်ဗိုလ်ချုပ်တစ်စုပဲဖြစ်ပါတယ်။

မြန်မာတွေဟာ ကိုယ့်ထက်အသက်သိက္ခာကြီးမြင့်သူ၊ ရာထူးအာဏာကြီးမားသူများကိုလည်း ရိုကျိုးနိမ့်ချတဲ့ ဂါရဝနိဝါတ တရားများနဲ့ ရင်ထဲကနေ လေးစားရှိသေတတ်ပါတယ်။ သို့ပေမယ့် ဒီအမြင်တွေဟာ ပြောင်းလဲလို့သွားခဲ့ပါပြီ။ ခုဆိုလျှင် ပြည်သူတွေရဲ့ရင်ထဲမှာ အုပ်ချုပ်သူလူတန်းစားဆိုတာ ယုတ်မာရိုင်းစိုင်း ရက်စက်တဲ့သူတွေကိုခေါ်တာ၊ စစ်ဗိုလ်စစ်သားဆိုတာလည်း ဘာတစ်ခုမှ ကိုယ်ပိုင်ဉာဏ်နဲ့ အပိုမစဉ်းစားပဲ အမိန့်ပေးသမျှကို မျက်စိမှိတ် လိုက်နာတတ်တဲ့ အမြင်မှန် ကန်းနေသူတွေအဖြစ် ထင်မြင်သွားခဲ့ပါပြီ။

နောက်ပြီး ဒီအာဏာရှင်ဗိုလ်ချုပ်တွေဟာ သူတို့အာဏာမြဲရေးအတွက်ဆိုလျှင် ဘာကိုပဲဖြစ်ဖြစ် လုပ်ဖို့ရာ ဝန်မလေးတဲ့ လူဆိုးလူမိုက် လူရမ်းကားတွေအဖြစ်လည်း လူထုရင်ထဲမှာ ထင်မြင်နားလည်သွားခဲ့ပါပြီ။

ရတနာသုံးပါးအပါအဝင်ဖြစ်တဲ့ မိမိတို့ကိုးကွယ်အားထားတဲ့ ရဟန်းသံဃာတော်များအပေါ်တောင်မှပဲ ကိုယ့်အာဏာကို ထိပါးလာတယ်လို့ထင်ရင် ညှင်းဆဲသတ်ဖြတ်ဖို့ ဝန်မလေးတဲ့ စိတ်ရိုင်းဝင်နေသူတွေရယ်လို့လည်း လူထုရင်ထဲမှာ ခံယူထားခဲ့ပါပြီ။ ဒီစစ်ဗိုလ်ချုပ် ဆိုးတွေဟာ လူမျိုးကိုပါမက သာသနာကိုတောင် မြန်မာ့မြေပေါ်က ပျောက်ကွယ်သွားအောင် ဖျောက်ဖျက်ဖို့ လုပ်နေကြတာကိုလည်း တွေ့မြင်နေကြရပါပြီ။

တကယ်တော့လည်း လက်ရှိနေနေရတဲ့ မြန်မာလူမျိုးအများစုရဲ့ လူနေမှုဘဝဟာ တကယ့်ကိုယ်မှ လူဖြစ်ယုံမည်ကာ မတ္တမျှသာပါ။ လူသားတစ်ယောက်ရဲ့ ရပိုင်ခွင့်၊ လူသားတစ်ယောက်မှာ ရှိရမည့် အခြေခံအချက်အလက်တွေ တောင်မှပဲ ဘာတစ်ခုမှ မရနိုင်ကြပါဘူး။ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အရာရာမှာ အောက်ကျနောက်ကျ ရှိလှပါတယ်။ သာမန်လူထုတွေ (စစ်သား ၊ လုံထိန်းနဲ့ရဲသားတွေအပါအဝင်) တဝမ်းတခါး ဝတ်ဖို့ စားဖို့လောက်မှ မရှိဖြစ်နေချိန်မှာ စစ်ဗိုလ်ချုပ်ကြီးတွေ၊ သူတို့နဲ့အလွမ်းသင့်သူ လက်တဆုပ်စာ အနည်းစုမှာတော့ သုံးမကုန် ဖြုန်းမကုန်အောင်ပဲ အလုံပယ် ပေါကြွယ်နေကြပါတယ်။ မျှတမှု ၊ လွတ်လပ်မှု ၊ ငြိမ်းချမ်းမှု ကင်းမဲ့လွန်လှတဲ့နိုင်ငံ၊ ဥပဒေမဲ့ ထင်ရာစိုင်းရမ်းကားပြီး စိတ်ထင်တိုင်း အနိုင်ကျစိုးမိုး၊ လက်နက်အားကိုး အုပ်ချုပ်နေတဲ့နိုင်ငံ။ လူသားတစ်ယောက်ရဲ့ တန်ဖိုးနဲ့ဂုဏ်သိက္ခာကို ချိုးနှိမ်ရိုက်ချိုးခံထားရတဲ့ နိုင်ငံ။ ဒီလိုဖြစ်အောင်လည်း စစ်အာဏာရှင် အဆက်ဆက်က တမင်ဖန်တီးထားခဲ့တာပါပဲ။ အလွန်မှ နာကျည်းကြေကွဲစရာ၊ ဝမ်းနည်းစရာ ကောင်းလှပါတယ်။ ပြောရလျှင် မြန်မာပြည်သားအများစုအတွက် ဒီထက်ပိုလို့ ပေးဆပ်စရာ ၊ စွန့်လွှတ်စရာ ဘာဆို ဘာမှ မရှိတော့ပါဘူး။



ဒီစစ်အာဏာရှင် စနစ်ဆိုးရှိနေသမျှတော့ မြန်မာပြည်သူပြည်သားတွေ ဘယ်တော့မှ လူမွေးလူတောင်ပြောင်မှာ မဟုတ်တော့ဘူးဆိုတာကိုလည်း နက်နက်ရှိုင်းရှိုင်းကို နားလည်နေကြပါပြီ။ ဒီစနစ်ဆိုးကိုတွန်းလှန်ဖြိုဖျက်ဖို့ ဘာသာသာသနာနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် လုပ်နေကြတဲ့ သူတွေကို မောင်းထုတ်နိုင်ဖို့၊ ရှင်းလင်းပစ်ဖို့ဆိုလျှင် တစ်သင်းတစ်ဖွဲ့ထဲနဲ့ လုပ်လို့ရမယ် မဟုတ်ပါဘူး။ နည်းလမ်းတစ်ခုထည်းနဲ့လည်း ရနိုင်မယ် မဟုတ်ပါဘူး။ သင့်လျော်တဲ့ နည်းလမ်းအမျိုးမျိုးကိုသုံးပြီး လူတိုင်းလူတိုင်း ပါဝင်ကြမှဖြစ်မယ်။ တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့က ကိုယ့်အတွက် လာလုပ်ပေးလိမ့်မယ် မဟုတ်ဘူးဆိုတာကိုလည်း အမှန်နားလည်ကြဖို့လိုပါတယ်။

ဘာမှထူးပြီး စွန့်လွှတ်စရာ မကျန်တော့တဲ့အနေအထားမှာ ကြောက်ရွံ့ထိတ်လန့်ခြင်းဆိုတာကိုလည်း အသာမေ့ထားလိုက်ပါ။ အားလုံး ညီညာစွာ တတ်နိုင်တဲ့တာဝန်ကိုယူပြီး တွန်းလှန်သွားကြမယ်ဆိုလျှင်တော့ ဒီစစ်အာဏာရှင် စနစ်ဆိုးဟာ အမိမြေပေါ် အမိနိုင်ငံပေါ်ကနေ အမြန်ပျောက်ကွယ်သွားပါလိမ့်မယ်။ ဒါမှသာလျှင် ပျောက်ဆုံးနေတဲ့ မြန်မာဆိုတဲ့ မြတ်နိုးဂုဏ်ယူစရာ မိသားစုဘဝ အဆောက်အဦလေးလည်း ပြန်လည်ကာ ရှင်သန်လာနိုင်ပါလိမ့်မယ်။

မေတ္တာဖြင့်
အရှင်ဉာဏိက